မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၄၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးထစ်ချုန်းရွာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ *စာမျက်နှာ ၃ ကော်လံ ၁* ■

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၉ ရက်)

တိရစ္ဆာန်များကျန်းမာရေးနှင့်ကူးစက်ရောဂါကင်းရှင်းရေး ဂရုပြုဆောင်ရွက်

ဝက်နားရွက်ပြာရောဂါသည် ယနေ့ကမ္ဘာတွင် ပြန်လည်နိုးထလာသည့် ကူးစက်မြန်ရောဂါဖြစ်သည်။ ထို့ကြောင့်လည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ဝက်နားရွက်ပြာရောဂါကူးစက်မှုမှ ကာကွယ်ရန် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပေးနှိုးဆော်ထားသည်။

ရောဂါဖြစ်ပွားသည့် ဝက်အချို့၏ နားရွက်မှာ အပြာရောင်ဖြစ်လာသဖြင့် ဝက်နားရွက်ပြာရောဂါဟု ခေါ်ခြင်းဖြစ်သည်။ အာရှနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံတွင် ၂၀၀၆ ခုနှစ်၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၀၇ ခုနှစ်၊ ထိုင်းနိုင်ငံတွင် ၂၀၀၈ ခုနှစ်၊ ကမ္ဘောဒီးယားနှင့် လာအိုတွင် ၂၀၁၀ ခုနှစ်နှင့် မြန်မာနိုင်ငံတွင် ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်ကာ ဝက်နားရွက်ပြာရောဂါများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဝက်နားရွက်ပြာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်၍ ကုသရန်ဆေးမရှိချေ။ အခြားနောက်ဆက်တွဲရောဂါများမဖြစ်ပွားရန် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ အာဟာရပြည့်ဝသည့် အစာရေစာ ကျွေးမွေးခြင်းဖြင့် ဆုံးရှုံးမှုလျော့ပါးစေရန် ကာကွယ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဝက်နားရွက်ပြာရောဂါသည် တစ်ပိုင်တစ်နိုင်မွေးမြူထားသော ဝက်များတွင် ရောဂါစတင်ကျရောက်ဖြစ်ပွားခဲ့ပြီး ထိုမှတစ်ဆင့် အခြားဒေသများသို့ ပြန့်ပွားခဲ့ရခြင်းဖြစ်သည်။ ရောဂါပျံ့နှံ့ရခြင်းအကြောင်းမှာ နာမကျန်းဝက်များ သတ်ဖြတ်ရောင်းချခြင်း၊ ရောဂါဖြစ်ပွားသည့်ဒေသတွင် ဝက်ဈေးကျဆင်း၍ ဈေးကောင်းရရှိရာဒေသသို့ သယ်ယူ၍ တိရစ္ဆာန်ရွှေ့လျားမှုများပြားခြင်း၊ ဝက်သယ်သည့်ယာဉ်များ ခြံတစ်ခြံမှတစ်ခြံသို့ ကူးလူးသွားလာရာမှ ကူးစက်ခြင်းစသည်တို့ကြောင့်ဖြစ်သည်။

ပြည်သူလူထု၏ ကျန်းမာရေးသည် တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် ကူးစက်ရောဂါကင်းရှင်းရေး အပေါ်တွင် မူတည်နေသည်။ လူတွင်ဖြစ်ပွားသော ရောဂါများ၏ ၆၀ ရာခိုင်နှုန်းသည် တိရစ္ဆာန်ရောဂါများမှတစ်ဆင့်ကူးစက်သည်ဟု ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။

သို့ဖြစ်၍ တိရစ္ဆာန်များ ရောဂါလျော့နည်းပပျောက်ရန်အတွက် ဝက်နားရွက်ပြာရောဂါဖြစ်ပွားပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်အကြောင်းကြားပြီး ယင်းဌာနက ထုတ်ပြန်ထားသော ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ နှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲ ရေတာရှည်၌ ကျင်းပ

ရေတာရှည် ဇွန် ၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက ကြီးမှူး၍ ဝင်ငွေ ကြေညာလွှာ တင်သွင်းမှု တိုးတက်ရေး စီမံချက်နှင့် အညီ အခွန်ပညာပေးဆွေးနွေးပွဲကို မေ ၂၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း

အဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးလှမြင့်က အခွန်အကြောင်း ပညာပေး ဟောပြော ဆွေးနွေးသည်။ (အပေါ်ပုံ)

အဆိုပါအခမ်းအနားတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ အခွန်ထမ်းပြည်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေး နတ်တလင်း၌ ဟောပြော

နတ်တလင်း ဇွန် ၈

သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဝက်နားရွက်ပြာရောဂါနှင့် ခွေးရူးပြန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲကို မေ ၉ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ဒေါ်စန္ဒာမင်းက ရောဂါဖြစ်ပွားရခြင်းအကြောင်းရင်း၊ ဖြစ်ပွားပုံ၊ ကူးစက်ပုံနှင့်ကြိုတင်ကာကွယ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဝက်မွေးမြူရေးခြံပိုင်ရှင်များက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။ (မြို့နယ် ပြန်/ဆက်)

တီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

သဲကုန်း ဇွန် ၈

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ တီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီက သဲကုန်းမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နိုင်လင်းဖိုလ်တို့က အမှာစကား ပြောကြားသည်။

တက်ရောက်

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မာကြည်က သင်တန်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဖျာပုံမြို့နယ် သဲအိမ်ကျောင်းစု ကျုံသွတ်တညီကျေးရွာ လူကူးတံတား ဆောက်လုပ်ခြင်းလုပ်ငန်းကို ဇွန် ၅ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင် စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ရှင်းလင်းတင်ပြစဉ်။ (ဝ၇၁)

သူနာပြုတက္ကသိုလ်(ရန်ကုန်) ငွေရတုအခမ်းအနားကျင်းပမည်

ရန်ကုန် ဇွန် ၈

သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၁ ရက်မှ ဇူလိုင် ၂ ရက်အထိ သူနာပြုတက္ကသိုလ် ရန်ကုန်၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာ ဆရာမကြီးများ၊ တာဝန်ထမ်းဆောင်ဆဲနှင့် တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့် တက်ရောက်နေဆဲ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများအားလုံး ပါဝင်ဆင်နွှဲနိုင်ကြရန်နှင့် တက်ရောက်လိုသူများသည် ဌာနမှူး (စီမံ၊ ဘဏ္ဍာ) ဖုန်း-၀၁-၂၂၆၆၆၅ သို့လည်းကောင်း၊ ညစာစားပွဲ ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်လိုသူများသည် တက္ကသိုလ်၏ မြန်မာစာဌာနသို့လည်းကောင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

အခွန်ပညာပေးရှင်းလင်းပွဲ မုံရွာ၌ ကျင်းပ

မုံရွာ ဇွန် ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဝင်ငွေခွန် ဥပဒေအရ အခွန်စည်းကြပ်ကောက်ခံရေး လုပ်ထုံးလုပ်နည်းနှင့် စာရင်းထားရှိရေးဆိုင်ရာ အခွန်ပညာပေးရှင်းလင်းပွဲကို မေ ၂၈ ရက် နံနက် ၉ နာရီခွဲက မုံရွာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မုံရွာခရိုင် ဦးစီးဌာနမှူး ဦးချစ်ဝင်းနှင့် မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းရွှေတို့က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးခိုင်ဇာကျော်က ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်ကောက်ခံရေး လုပ်ထုံးလုပ်နည်းနှင့် စာရင်းထားရှိရေးကိစ္စများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ပြည်မြို့နယ်၌ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ပြည် ဇွန် ၈

ပြည်ခရိုင် ပြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၀ ရက် မွန်းလွဲ ၁ နာရီက ပြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုလဲသီတာ အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင်ပြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က အမှာစကားပြောကြားသည်။

ထို့နောက် တက္ကသိုလ်အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၃ ဦးအတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၂၇၅၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

■ ရှေ့ဖုံးမှ

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်သိန်းဌေး၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စစ်သံမှူးတို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Apirath Vienravi နှင့် စစ်သံမှူး Colonel Prachern Chaiyakit တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

◆ ကျောဖုံးမှ

ယင်းနောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ပြန်လည်မိတ်ဆက်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းနှင့်အတူ လိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် တပ်မတော်အရာရှိကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံးမှ စစ်သံမှူးတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Apirath Vienravi နှင့် စစ်သံမှူးတို့လည်း တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်များ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုရှိစေရန် နှစ်နိုင်ငံတပ်မတော်နှစ်ရပ် ညှိနှိုင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျိုးချစ်စိတ်ဓာတ်အရင်းခံပြီး ယုံကြည်ချက်၊ ခံယူချက်ရှိရှိဖြင့် နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်

နေပြည်တော် ဇွန် ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇွန် ၄ ရက် ညနေ ၃ နာရီတွင် လားရှိုးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လားရှိုးခရိုင်ဦးစီးဌာနမှူးရုံးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ လားရှိုး၊ ကျောက်မဲ၊ ကွမ်းလုံနှင့် လောက်ကိုင်တို့မှ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ကြိုးပမ်းဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းထုတ်ပေးရေးလုပ်ငန်းများအပေါ် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရန် အကောင်အထည်ဖော်မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအနေဖြင့် မျိုးချစ်စိတ်ဓာတ်အရင်းခံကာ ယုံကြည်ချက်၊ ခံယူချက်ရှိရှိဖြင့် နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်၊ မိမိဌာန၏ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပိုင်နိုင်စွာ တတ်ကျွမ်းနားလည်ပြီး လိုက်နာဆောင်ရွက်ကြရန်၊ ပြည်သူနှင့်တိုက်ရိုက် ထိတွေ့ဆက်ဆံရသူများဖြစ်သည်နှင့် အညီ စံနမူနာပြဖြစ်ရန်၊ မိမိဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် အစဉ်တွေးတော ကြံဆကာ ကိုယ်စွမ်း ဉာဏ်စွမ်းရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ထိုသို့ ဆောင်ရွက်ရာတွင် မိမိဌာနနှင့်လုပ်ငန်းချင်းဆက်စပ်လျက်ရှိသည့် အခြားဌာနများနှင့်လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လားရှိုးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနရုံး အဆောက်အအုံများ၊ မြို့နယ်ရုံးမှတ်တမ်းခန်းနှင့် မြို့နယ်ဝန်ထမ်းများ၏ စုပေါင်းပြောင်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တွေ့ဆုံ

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်

မူဆယ်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးခန်းမ၌ မူဆယ်ခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်ဦးစီးဌာနမှူးရုံးများနှင့် နယ်စပ်စစ်ဆေးရေးဂိတ်များမှ ဝန်ထမ်းများအား တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် မူဆယ်မြို့ရှိ ဆင်ဖြူ၊ ရွှေနန်းတော်နှင့် မန့်ဝိန်းစစ်ဆေးရေးဂိတ်များ၌ တစ်ဖက်နိုင်ငံနှင့် လူဝင်/လူထွက် စစ်ဆေးမှုကို e- Entrance စနစ်ဖြင့် မှတ်တမ်းတင်စစ်ဆေးဆောင်ရွက်နေမှုကို လည်းကောင်း၊ ပန်ဆိုင်း(ကြူကုတ်) နယ်စပ်စစ်ဆေးရေးဂိတ်နှင့် ပန်ဆိုင်း(ကြူကုတ်) မြို့နယ်ဦးစီးဌာနမှူးရုံးကို လည်းကောင်း၊ ကွတ်ခိုင်မြို့နယ် ဦးစီးဌာနမှူးရုံးနှင့် မှတ်တမ်းခန်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် သီပေါမြို့နယ်ဦးစီးဌာနမှူးရုံး၊ ကျောက်မဲခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးနှင့် နောင်ချိုမြို့နယ်ဦးစီးဌာနမှူးရုံးများသို့ လှည့်လည်သွားရောက်၍ ရုံးအဆောက်အအုံနှင့် မှတ်တမ်းခန်းများကို ကြည့်ရှုစစ်ဆေးပြီး ရုံးနှင့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်သာယာလှပရေး၊ ဝန်ထမ်းများဝတ်စားဆင်ယင်မှု စနစ်တကျရှိရေး၊ မှတ်တမ်းများပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် အမြဲစစ်ဆေးဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံ့အဝန်း
သစ်တော
စွမ်းဖြင့်
စိမ်းလန်းစေရမည်

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်သွားမည်

နေပြည်တော် ဇွန် ၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၆ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် မင်းတိုင်ပင် စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး လေးခန်းတွဲ နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပုလဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက ဆောက်လုပ်ရေး ပစ္စည်းများ စုဆောင်းထားရှိမှု၊ ကျောင်းဆောင်သစ်တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက အခန်းဖွဲ့စည်းတည်ဆောက်မှုနှင့် လိုက်လျောညီထွေစွာ ဆင့်နှင့်ကြမ်းခင်းများကို ခိုင်ခံ့အောင်စီမံဆောက်လုပ်ရေး၊ အမိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိုးယိုမှုမရှိအောင် စနစ်တကျ ဆောင်ရွက်ရေး၊ ကျောင်းဆောင်များ၊ ကျောင်းခန်းမ၊ စာသင်ခန်းများနှင့်ကျောင်းပတ်ဝန်းကျင်ကို အမှိုက်ကင်းစင်ပြီး သန့်ရှင်းသာယာလှပသော ကျောင်းကျန်းမာရေးနှင့် ပြည့်စုံသည့် စံပြကျောင်းများဖြစ်အောင် အမှိုက်ပုံး၊ အမှိုက်လှည်းစနစ်များထားရှိလျက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း လေးခန်းတွဲ နှစ်ထပ် တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လေးခန်းတွဲ နှစ်ထပ် တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ပုလဲမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ် ဆရာ ဆရာမများနှင့် အခြေခံပညာ အထက်တန်းကျောင်း သား ကျောင်းသူများ တက်ရောက်ကြသည်။

ကျယ်ကျယ်ပြန့်ပြန့်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ယခုအခါ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လုပ်ငန်းကော်မတီ ရှစ်ခုဖွဲ့စည်းကာ စတင်အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိ ကြောင်း၊ အဆိုပါ လုပ်ငန်းစဉ် (၈)ရပ် အနက် ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်သည်လည်း တစ်ခုအပါ အဝင်ဖြစ်ပြီး ယင်းလုပ်ငန်းစဉ်တွင် ကျေးလက်ပညာရေး၊ ကျန်းမာရေး၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများ ပါဝင်ကြောင်း၊ ယနေ့ မင်းတိုင်ပင် အခြေခံပညာအထက်တန်း ကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခြင်းသည် ကျေးလက် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်းပင်ဖြစ် ကြောင်း၊ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျောင်းဆောက် လုပ်ရေး အလှူငွေများ ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဝန်ကြီးမိသားစုမှ လှူဒါန်းငွေကျပ် ၆၁ သိန်း၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်မှ လှူဒါန်းငွေကျပ်သိန်း၃၀၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဌာနချုပ်မှ လှူဒါန်းငွေ ကျပ်သိန်း ၃၀၊ လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်း (ဥက္ကဋ္ဌ၊ ''တိရောမဏီ'' ကျောက်မျက် ကုမ္ပဏီ)မှ လှူဒါန်းငွေကျပ် ကိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက စည်းရုံး စီစဉ်လှူဒါန်းငွေ ကျပ် ၂၁၅ သိန်း အပါအဝင် စုစုပေါင်းငွေ ကျပ် ၃၄၅ သိန်းကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဇီးဖြူကုန်းကျေးရွာ၊ နှောရိုးကျေးရွာ၊ အင်မထီးကျေးရွာ၊ ချင်ပြစ်ကျင်းကျေးရွာ၊ ချောင်းဦး ကျေးရွာနှင့် ရောက်ရင်းကုန်းကျေးရွာ တို့တွင် စာကြည့်တိုက်ဆောက်လုပ် ရန်အတွက် တစ်ရွာလျှင် ငွေကျပ် ၁၀သိန်းနှုန်းဖြင့် စုစုပေါင်း အလှူ ငွေ ကျပ်သိန်း ၆၀ကိုလည်းကောင်း၊ ပုလဲမြို့နယ်ခန်းမ (မြွှာရုံ)အချောသပ် တည်ဆောက်ရေးအတွက်အလှူငွေကျပ် သိန်း ၆၀ကို လည်းကောင်း၊ မင်း တိုင်ပင်စံပြကျေးရွာအုပ်စု ကျောက်ဖျာ ကန်ကျေးရွာ ''အမေမြ'' စာကြည့် တိုက်အတွက် စာအုပ်စာစောင်များကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးတင် ဝင်းက အခြေခံပညာအထက်တန်းနှင့် အလယ်တန်း ကျောင်းသုံးပုံနှိပ်စာအုပ် အစုံ ၅၀၀ကိုလည်းကောင်း၊ စစ်ကိုင်း တိုင်းဒေသကြီး လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးသောင်းစိန်က ပုလဲမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများ အတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၃၀၀ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးတင့်ဆွေက ပုလဲ မြို့နယ်အတွင်းရှိ ဆောက်လုပ်ထား သောစာကြည့်တိုက်များအတွက်စာအုပ် စာစောင် ၂၅၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူ များက လက်ခံကြသည်။

ဆက်လက်၍ မင်းတိုင်ပင် စံပြကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသခံ ကျေးရွာ ၁၅ ရွာတို့မှ တာဝန်ရှိ သူများက မင်းတိုင်ပင် တိုးချဲ့ ကျောင်းဆောင်သစ် ဆောက်လုပ်ရေး အတွက် စုစုပေါင်းအလှူငွေကျပ် ၈၄၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြ ရာ ကျောင်းဆောက်လုပ်ရေးကော်မတီ အဖွဲ့ဝင်များက လက်ခံကြသည်။

ဖွံ့ဖြိုးတိုးတက်

ထို့နောက် ရပ်မိရပ်ဖ ဦးချစ် မြိုင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားရာတွင် မိမိတို့မြို့နယ်သည် ရှေးယခင်က ပညာရေးဖွံ့ဖြိုးမှု အင်မတန် နောက်ကျခဲ့ပါကြောင်း၊ ၁၉၆၉ ခုနှစ်တွင် တစ်မြို့နယ်လုံး၌ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ခြောက်ဦးသာရှိခဲ့ပြီး အခြေခံပညာ အထက်တန်းအဆင့် ပညာသင်ယူခွင့် ရရှိရေးအတွက် မုံရွာ၊ မန္တလေးစသည့် မြို့ကြီးများသို့ သွားရောက်သင်ယူခဲ့ ကြရပါကြောင်း၊ ယနေ့ အခြေအနေ များမှာမူ အလွန်တိုးတက်လာခဲ့ပြီ ဖြစ်ကြောင်း၊ ပုလဲမြို့နယ်အတွင်းတွင် အခြေခံပညာ အထက်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာအထက်တန်း ကျောင်းခွဲ သုံးကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ၁၅ ကျောင်း၊ တွဲဖက်အခြေခံပညာ အလယ်တန်း ကျောင်း တစ်ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ၄၃ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၅၁ ကျောင်း၊ အခြေခံပညာ မူလတန်း ကျောင်းခွဲခုနစ်ကျောင်းကို နိုင်ငံတော်က ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ စာသင် ကျောင်းများ များပြားလာသည့် အလျောက် ကျောင်းသား ကျောင်းသူ များလည်း ကျောင်းတိုင်း၌ တိုးတက် များပြားလာပါကြောင်း၊ ယခုအခါ တည်နေရာအနေအထားအရ မြို့နယ် ၏ အလယ်ဗဟိုတွင် တည်ရှိနေသည့် မင်းတိုင်ပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ကျောင်း သား ကျောင်းသူဦးရေ ၁၇၆၆ ဦး အထိ တိုးတက်များပြားလာပါ ကြောင်း၊ ပုလဲမြို့ပေါ် အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းသား ဦးရေထက်ပင် သုံးဆကျော် ပိုမို များပြားပါကြောင်း၊ ကျောင်းသား များလာသည်နှင့်အမျှ ယခင် ကျောင်း ဆောင်၊ ပရိဘောဂများဖြင့် မလုံ လောက်တော့ဘဲ ကျောင်းဆောင် သစ်များ လိုအပ်လာပါကြောင်း၊ ဤ အချက်ကို မိမိတို့မြို့နယ်၏ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်းက သိမြင်ပြီး ပံ့ပိုးလှူဒါန်းမှု ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပါ ကြောင်း၊ ဆက်လက်၍ တင်ပြလို သည်မှာ နိုင်ငံတော်၏ ဆည်မြောင်း စီမံကိန်းကြီးများကြောင့် မိုးကောင်း ရေဝင် စိုက်ပျိုးရေးဒေသအဖြစ်မှ စိုက်ပျိုးရေ လိုအပ်ချိန် ရေရရှိနေသည့် အဆင့်မြင့် စိုက်ပျိုးဒေသအဖြစ် ကူးပြောင်းရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ မြောက်ယမားဆည်၊ တောင်ယမား ဆည်၊ လှိုင်းချောင်းဆည်၊ ကန့်ဒေါင့် ဆည်၊ မြောက်ယမား ရေကူ လျောင်တမံ စီမံကိန်းကြီးများအပြင် ''စသာ''ရေလွှဲဆည်ကိုလည်း စတင် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေး အောင်မြင်သည့်အတွက် ဒေသနေ ပြည်သူများ၏ စီးပွားရေးလည်း ဖွံ့ဖြိုး တိုးတက်လာပါကြောင်း၊ ဤအချက်ကို တင်ပြရခြင်းမှာ စီးပွားရေးဖွံ့ဖြိုးမှ ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်လာမည်ဆိုသည် ကို ထောက်ခံတင်ပြခြင်း ဖြစ်ပါ ကြောင်း၊ထို့အပြင် ယနေ့ပြည်ထောင်စု ဝန်ကြီး၏ အလှူငွေပေးအပ်ပွဲသို့ ကျေးရွာအသီးသီးမှ ရောက်ရှိလာ ကြသည့် ကျောင်းအုပ်ဆရာ ဆရာမ ကြီးများ၊ ကျေးရွာတာဝန်ရှိလူကြီး အသီးသီးတို့သည် နိုင်ငံတော်က တည် ဆောက်ပေးထားသည့် ဆည်မြောင်း၊ လမ်းမကြီးများနှင့် ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်း စီမံဆောင်ရွက် ပေးခဲ့သည့် ဒေသဖွံ့ဖြိုးရေးလမ်းများ ပေါ်မှနေပြီး ကောက်သင်းရနံ့လေးကို ရှူပြီး နှမ်းလျှင်စိုက်ခင်းများ တစ် လျှောက် ဆိုင်ကယ်အသီးသီးဖြင့် အချိန်တိုအတွင်း အလျင်အမြန် သွားလာနိုင်ကြပြီ ဖြစ်ပါကြောင်း၊ ဤသည်တို့မှာ ဒေသ၏ ဖွံ့ဖြိုး တိုးတက်မှု ပြယုဂ်များပင် ဖြစ်ပါ ကြောင်း၊ နိဂုံးချုပ်အနေဖြင့် မိမိ တင်ပြခဲ့သည့် တစ်မြို့နယ်လုံးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဘက်စုံတိုးတက်အောင် စီမံလမ်းညွှန် ဆောင်ရွက်ပေးသည့် နိုင်ငံတော်နှင့် တကွ အဘက်ဘက်မှ ပံ့ပိုးကူညီ လမ်းညွှန် ဆောင်ရွက်ပေးသော ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အား ပုလဲမြို့နယ် ပြည်သူအားလုံးက အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း လေးခန်းတွဲ နှစ်ထပ် တိုးချဲ့ကျောင်းဆောင်သစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် အခမ်းအနားသို့ တက်ရောက် လာကြသည့် ဒေသခံကျေးလက် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ် ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တွေမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့တွင်းလမ်းမ ကြီးများ ဝဲ၊ ယာ ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို မေ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးတင်နုနှင့်ဝန်ထမ်းများ စုပေါင်းဆောင်ရွက် ကြစဉ်။ (မြို့နယ်စည်ပင်)

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတာဝန်များ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက် တောင်သူလယ်သမားများ၏ဝင်ငွေနှင့် လူနေမှုဘဝ တိုးတက်မြင့်မားရေး လက်တွေ့လုပ်ဆောင်

နေပြည်တော် ဇွန် ၈

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆန်စပါးနှင့် ပဲအထူးပြုကုန်သည်ကြီးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းနှင့် မြန်မာနိုင်ငံ ပဲ/နှမ်းကုန်သည်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကူညီပံ့ပိုး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတာဝန်များသည် နိုင်ငံတော်အစိုးရအပိုင်း၊ စိုက်ပျိုးရေးပညာရှင်များ အပိုင်း၊ စိုက်ပျိုးရေး အထူးပြုကုမ္ပဏီများနှင့် တောင်သူလယ်သမားများအပိုင်း အပြန်အလှန်အကျိုးပြု ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေရေးနှင့် လူနေမှုဘဝတိုးတက်စေရေးတို့သည် လက်ငင်းမိမိတို့ ပူးပေါင်းဆောင်ရွက်ကြရမည့် အရေးကြီးတာဝန် ဖြစ်ကြောင်း၊ တောင်သူ လယ်သမားများ၏ စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်ခိုင်မာစေရန် လိုအပ်ချက်ကို ကုန်သည်ကြီးများအနေဖြင့် အရေးကြီးအဓိကအခန်းကဏ္ဍမှ ဆောင်ရွက်ပေးရမည့် နည်းတူလိုအပ်ချက်အပါအဝင် အရည်အသွေးကောင်း သီးနှံထုတ်ကုန်များ၊ ဈေးကွက်လိုအပ်ချက်အရ အလုံအလောက် ထုတ်လုပ်ပေးနိုင်ရေးအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးနှင့် လိုအပ်သောကုန်ထုတ်အရင်းအနှီး ငွေကြေးများကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနိုင်ရေးတို့အတွက် ကုန်သည်ကြီးများအနေဖြင့် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍ ထုတ်ကုန်များအား ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်းအားဖြင့် ကုန်သွယ်မှုကဏ္ဍ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးထုတ်ကုန်များ အဆင့်မြင့်တင် ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပဈေးကွက် ရှာဖွေမှုတာဝန်နှင့် ကုန်သည်ကြီးများ၏ အခန်းကဏ္ဍတို့ကို ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လယ်ယာစိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး

ကြည့်ရှုအားပေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဒုတိယဝန်ကြီးများ ဇေယျာသီရိမြို့နယ်ရှိ အနံ့များစုံလင်စွာ ထွက်ရှိနေသည့် တောင်သူပညာပေး သိပ္ပံနည်းကျစပါးစိုက်ခင်း၌ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဦးအောင်သန်းဦးတို့က မိမိတို့၏ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံ ပဲ/နှမ်း ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ကိုယ်စားလှယ်တို့က ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် တက်ညီလက်ညီပူးပေါင်း၍ လက်တွေ့ကြိုးပမ်းလုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးများ၊ အစည်းအဝေးတက်ရောက်လာကြ သူများသည် ဇေယျာသီရိမြို့နယ်ရှိ အနံ့များစုံလင်စွာ ထွက်ရှိနေသည့် တောင်သူပညာပေး သိပ္ပံနည်းကျစပါးစိုက်ခင်းသို့ ရောက်ရှိပြီး စပါးများဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုအားပေးကြသည်။

မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဆင်းစိုက်ပျိုးရေးသုတေသနသို့ ရောက်ရှိပြီး စုဆောင်းထိန်းသိမ်းထားသော သီးနှံဗီဇ မျိုးကွဲများ၊ ဆန်စပါးသုတေသနဌာန၊ နံ့စားနှင့် ပြောင်းသုတေသနဌာန၊ ဆီထွက်သီးနှံ သုတေသနဌာန၊ ဥယျာဉ်ခြံသီးနှံသုတေသနဌာန၊ စက်မှုကုန်ကြမ်းသီးနှံသုတေသနဌာနနှင့် ပဲမျိုးစုံသုတေသနဌာန၊ မြေဆီလွှာသုတေသနဌာနနှင့် ရေအသုံးချမှု သုတေသနဌာနတို့မှ သုတေသနတွေ့ရှိချက်များ၊ အထွက်ကောင်း အရည်အသွေးကောင်းပြီး ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်ရှိသည့် သီးနှံမျိုးသစ်များ ပြသထားမှုကိုလည်းကောင်း၊ တစ်သျှူးနည်းဖြင့် မျိုးပွားသောဓာတ်ခွဲခန်းသို့ လည်းကောင်း ကြည့်ရှုအားပေးကြကာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Research and Development သုတေသနလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပြီး သုတေသနမှရရှိသည့် မျိုးစေ့များနှင့် နည်းပညာများကို တောင်သူများ လက်ဝယ်ရောက်ရှိ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးအတွက် ပညာရှင်များနှင့် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြရန်အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား ဆွစ်ဇာလန်နိုင်ငံမှ ဧည့်သည်အဖွဲ့တွေ့ဆုံ

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဇော်မင်းအား ဆွစ်ဇာလန်နိုင်ငံ AF-Colenco Ltd. President Mr. Eero Auranne နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၈

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဇော်မင်းအား ဆွစ်ဇာလန်နိုင်ငံ AF-Colenco Ltd. President Mr. Eero Auranne နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများ၏ အတိုင်ပင်ခံလုပ်ငန်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်းသိရှိရသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇွန် ၈

ကချင်ပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ပဉ္စမနှစ်ကာလတိုငါးနှစ်စီမံကိန်း ပထမနှစ် ၂၀၁၁-၂၀၁၂ ခုနှစ်၏ စီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင်အကောင်အထည်ဖော်ရေး၊ စတုတ္ထနှစ်ကာလတို ငါးနှစ်စီမံကိန်း၏နောက်ဆုံးနှစ် ၂၀၁၀-၂၀၁၁ စီမံကိန်းရည်မှန်းချက်များ၏ အခြေခံကောင်းများကို ထိန်းသိမ်း၍ ဌာနအလိုက်၊ ခရိုင်အလိုက် ရည်မှန်းချက် လုပ်ငန်းတာဝန်များအောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍအလိုက် ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ်စီမံကိန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထွန်းက ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များကို အခြေခံ၍ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

တာဝန်ပေးအပ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အဆင့် ဌာနဆိုင်ရာများ ကိုယ်စား ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးအေးမြင့် **(အောက်ပုံ)**နှင့် မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်နှင့် ပူတာအိုခရိုင် အုပ်ချုပ်ရေးမှူးများထံ ၂၀၁၁-၂၀၁၂ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကယားပြည်နယ် ဝန်ကြီးချုပ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတက်ရောက် ရတနာတန်းဝင် ကျွန်းပင်စိုက်ပျိုးပေး

နေပြည်တော် ဇွန် ၈

ကယားပြည်နယ် သစ်တောဦးစီးဌာန ၂၀၁၁ခုနှစ် မိုးရာသီပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲတွင် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)ရှေ့၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များက ရတနာတန်းဝင် ကျွန်းပျိုးပင်များပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ရတနာတန်းဝင်ကျွန်းပင်များ စိုက်ပျိုးပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများ၏ ရတနာတန်းဝင်ကျွန်းပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်ပေါင်း ၂၀၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကိုလည်းကောင်း၊ နည်းပညာတက္ကသိုလ်(လွိုင်ကော်) ပြန်လည်ပြင်ဆင်နေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ပင်စင်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ငန်းဆောင်ရွက်မှုတိုင်း မှန်ကန်မြန်ဆန်စေရေး အထူးအလေးထား လုပ်ငန်းတာဝန်ဝတ္တရားများကို တာဝန်သိသိ သစ္စာရှိရှိ ဆောင်ရွက်

နေပြည်တော် ဇွန် ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပင်စင်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံ၍ ပင်စင်ဦးစီးဌာနသည် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာငွေကိစ္စများကို တွက်ချက်ပေးရသော အဖွဲ့အစည်းဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုတိုင်း မှန်ကန်မြန်ဆန်မှုရှိစေရန် အထူးအလေးထားရမည်ဖြစ်ကြောင်း၊ ဆက်သွယ်သူ အငြိမ်းစားဝန်ထမ်းများ၏ ရသင့်ရထိုက်သော အငြိမ်းစားလစာနှင့် ဆုကြေးဆိုင်ရာ အခွင့်အရေးများကို စေတနာအရင်းခံထားပြီး ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြည့်ဆည်းကြရန်ဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်ရန် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအားလုံးသည် နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်နှင့် ဌာန၏ လုပ်ငန်းတာဝန် ဝတ္တရားများကို နားလည်သဘောပေါက်ပြီး တာဝန်သိသိ သစ္စာရှိရှိ လုပ်ငန်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပင်စင်ဦးစီးဌာနရုံးချုပ်ရှိ ကွန်ပျူတာဌာနစိတ်၊ စီမံရေးရာနှင့် လေ့ကျင့်ရေးဌာနခွဲ၊ စာရင်းပေါင်းချုပ်မှတ်တမ်းဌာနခွဲ၊ ငွေပေး စာရင်းဌာနခွဲ၊ ငွေစာရင်း (စီမံလေ့ကျင့်) ဌာနခွဲ၊ ပင်စင်လုပ်ငန်းဌာနခွဲရှိ ပင်စင်လုပ်ငန်း ကြီးကြပ်ကွပ်ကဲရေး အဖွဲ့(၁)နှင့် ပင်စင်လုပ်ငန်း ကြီးကြပ်ကွပ်ကဲရေး အဖွဲ့(၂)တို့တွင် ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၏

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဇွန် ၉ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ကိုရီးယားသမ္မတနိုင်ငံမှ ဒုတိယဝန်ကြီး တွေ့ဆုံ

နေပြည်တော် ဇွန် ၈

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး စီမံအုပ်ချုပ်ရေးရာဌာန(၁)မှ ဒုတိယဝန်ကြီး H. E. Mr. Hong Yun Sik နှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံစွမ်းအင်နှင့်သဘာဝသယံဇာတ ရှာဖွေဖော်ထုတ်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်ခွင့်ရရှိရေး၊ နည်းပညာဆိုင်ရာ အကူအညီများပေးအပ်ရေး၊ ပဉ္စမအကြိမ်မြောက် မြန်မာ-ကိုရီးယား စွမ်းအင်နှင့်သဘာဝသယံဇာတ အရင်းအမြစ်များ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ အစည်းအဝေး ကျင်းပနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ်ရုံးစီမံအုပ်ချုပ်ရေးရာဌာန(၁)မှ ဒုတိယဝန်ကြီး H. E. Mr. Hong Yun Sik နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အားကစားဝန်ကြီးဌာန၏ ၂၀၁၁ခုနှစ် ဆဋ္ဌမအကြိမ်မြောက် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက် စိုက်ထည့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၈

အားကစားဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက် စိုက်ထည့်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး သတ်မှတ်နေရာ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတက်ရောက်၍ စိန်တစ်လုံး သရက်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက စိန်တစ်လုံး သရက်ပင်ကို စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် အရာထမ်း၊ အမှုထမ်းများ၏ စိန်တစ်လုံးသရက်ပင် စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်အတူ ရုံးအဆောက်အအုံအနီးရှိ တစ်ဖက်ပိတ်ဆည်၌ ငွေရောင်ငါးကြင်းသားပေါက် ကောင်ရေ ၄၀၀၀၊ ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၁၀၀၀၀နှင့် ထိုင်းငါးခုံးမသားပေါက် ကောင်ရေ ၁၀၀၀၀တို့ကို မျိုးစိုက်ထည့်ပေးသည်။

စိုက်ပျိုးထား

အားကစားဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲတွင် ကျွန်းပင်ပေါက် ၃၀၀၊ စိန်တစ်လုံးသရက်ပင်ပေါက် ၂၀၀၊ ခရေပင် ၂၀၀ နှင့် ပန်းအလှပင် ၁၀၀ တို့ကို စိုက်ပျိုးခဲ့ရာ ယနေ့အထိ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီစသည့် ရတနာ့တန်းဝင် သစ်ပင် ၃၅၀၀၊ အရိပ်ရလေကာပင် ၂၅၀၀ နှင့် သရက်၊ သဘော်၊ ငှက်ပျော စသည့် သီးပင်စားပင် ၂၃၄၆ ပင်၊ ပန်းအလှအရိပ်ရပင် ၃၃၀၀ စုစုပေါင်း ၁၁၆၄၆ ပင် စိုက်ပျိုးထားပြီးဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက်စိုက်ထည့်ပွဲသို့ တက်ရောက်၍ ကံ့ကော်ပင်ကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဌေးအောင်က ခရေပင်ကိုလည်းကောင်း၊ သတ်မှတ်နေရာများ၌ အမှတ်တရ စတင်စိုက်ပျိုးပေးပြီး ဝန်ထမ်းများ၏ စုပေါင်း သစ်ပင် စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။ **(သတင်းစဉ်)**

ဓနုဖြူမြို့ သန့်ရှင်းသာယာလှပရေးအတွက် ဇွန် ၃ ရက်က ဦးအောင်ဇေယျလမ်းမကြီး တစ်လျှောက် သန့်ရှင်းရေးလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်၊ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား အင်ဒိုနီးရှားသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးကြသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဂျပန်ဧည့်သည်များ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား Myanmar Yutani Co., Ltd. မှ Managing Director, Mr. Yoshinori Komaru နှင့် ဂျပန်နိုင်ငံ Daiyukai Medical Foundation of Japan မှ Mr. Toshiyuki Shibata တို့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာ၌ ဂျပန်နိုင်ငံ Daiyukai Medical Foundation of Japan အဖွဲ့ အစီအစဉ်ဖြင့် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးနှင့် သဃ်န်းကျွန်းစံပြဆေးရုံကြီးများသို့ ဆေးရုံသုံးပစ္စည်းများနှင့် ရောဂါရှာဖွေရေးစက်ကိရိယာများ လှူဒါန်းခဲ့မှုများနှင့် ဆက်လက်လှူဒါန်းမည့် အစီအစဉ်များ၊ ဂျပန်နိုင်ငံတွင် ဓာတ်မှန်အထူးပြုဘာသာရပ်နှင့် ဆီးနှင့် ကျောက်ကပ် အထူးပြုဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးမှု အစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဇွန် ၈

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးH.E . Mr. Kim Hae-yong သည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ တိုင်းဒေသကြီး ဘဏ္ဍာအခွန်/သစ်တောနှင့် သားငါးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ထွန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ပုသိမ်မြို့ အမှတ်(၁၂) ပါတလီ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောင်းဆောင်သစ် ဖွင့်လှစ်လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်

နေပြည်တော် ဇွန် ၈

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ယမန်နေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ပုသိမ်မြို့ ထုံးဘိုရပ်ကွက် အမှတ်(၁၂) ပါတလီ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးလူမှုရေး ဝန်ကြီးဌာနဝန်ကြီး ဦးစိုးမြင့်၊ ပုသိမ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးပါစည်၊ ကျောင်းဆောင်အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မဓဇာဇောတဓရ ဦးစိုးဟန်လင်းနှင့် ဦးအောင်မိုးကျော်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဆောင်သစ် ဆိုင်းဘုတ်အား ဖွင့်လှစ်၍ ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းဆောင်သစ် အလှူရှင်က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို ပုသိမ်မြို့နယ် မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကျောင်းငွေပဒေသာပင်အတွက် တိုင်းဒေသကြီးဝန်ကြီးများက အလှူငွေကျပ် တစ်သိန်းနှင့် စေတနာရှင်၊ လုပ်ငန်းရှင်များက အလှူငွေကျပ် ၇၈ သိန်းတို့ကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၆-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ကုသိုလ်ရှိရင် မပူရဘူး** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိသ္ဒရ)
- ၆:၃၅ တောင်ကြီးမြို့ရဲ့ အတုမရှိ လောကချမ်းသာ စူဠာမုနိ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၉)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၇)
- ၈:၅၀ သာသနာရောင်ဝါထွန်းသည့် တွံတေးမြို့နယ် ဘုရားကြီးရွာ၏ အလှူတော်မင်္ဂလာ
- ၉:၀၅ Activities in the City (ရှင်မင်း၏ **လှိုု့ဝှက်ချက်** တေးစီးရီးမိတ်ဆက်ပွဲ)
- ၉:၁၅ ပတ္တမြား FM ၏ Top Presenter ရွေးချယ်ပွဲ
- ၉:၄၀ Fashion Talk (ဒီဇိုင်နာနှင့် ဖက်ရှင်)
- ၁၀:၁၅ ပုံဖော်ဆန်းပြား အနုလက်ရာစစ်စစ်များ
- ၁၀:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၀၀ The Champion of Dance
- ၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ ပင်လယ်ထက်က နေဝန်းနီ
- ၁၂:၃၅ ယဉ်တကာ့ယဉ်
- ၁:၀၀ **ကုသိုလ်ရှိရင် မပူရဘူး** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိသ္ဒရ)
- ၁:၅၀ ထူးခြားသော ဘူမိအနေအထားနှင့် ဖူးမဝသော ကျိုက်ထီးရိုးစေတီ
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Activities in the City [T.T.O Trading Co., Ltd. (၁၀)နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညစာ စားပွဲ]
- ၂:၃၅ ဘီတွတ်ရွာတွင် တည်ထားပူဇော်တာဝတိံသာစေတီတော်
- ၂:၄၅ ရန်ကုန်မြင်ကွင်းကျယ် (MCC မှ ကျင်းပသော Summer kid ' s Programme)
- ၃:၀၀ ဗုဒ္ဓနှစ် (၂၆၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၉)
- ၄:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၇)
- ၅:၁၀ ဓာတ်ပုံထဲမှအမှတ်တရများ (ဟက်ကက်၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
- ၅:၃၀ ရန်ကုန်မြင်ကွင်းကျယ် Summit air Conditioner Products Launching & Grand Opening Ceremony
- ၅:၄၅ ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (New Camtus Pre-School)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၀)
- ၇:၀၅ Style ရှိမှ Star ဖြစ်မယ်
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Activities in the City (မြေလျှင်တက်တိုးနစ်ပညာဆိုင်ရာနိုင်ငံတကာသုတေသန ဆွေးနွေးပွဲ)
- ၈:၄၀ စကားနပန်း **ဆရာလုပ်တာကောင်းတယ်၊ ဆရာမလုပ်တာကောင်းတယ်**
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၈)
- ၁၀:၂၀ အားကစားမြင်ကွင်းစုံ
- ၁၀:၄၅ ဝက်နားရွက်ပြာရောဂါ အကြောင်းသိကောင်းစရာ
- ၁၁:၁၀ အနုပညာမိုးကောင်းကင်
- ၁၁:၃၀ ဘေးကင်းရန်ကွာ အချိန်ကုန်သက်သာဖို့ Rimai ကို ရွေးချယ်စို့
- ၁၁:၄၅ ဂီတသရုပ်ပြခန်း (ပူစူး-တစ်မိုးအောက်)
- ၁၂:၁၀ အတ္တရုံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
- ၁၂:၂၀ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၁)
- ၁၂:၄၅ လက်ဝယ်ရှိသော
- ၁:၀၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလန်းဝေဖြာမဟူရာ)
- ၁:၁၀ အဆင့်မြင့် ကြွေသီးစက်ရုံ (ချောက်မြို့)
- ၁:၄၀ နုယဉ်ဆန်းထွင် ပန်းအလှဆင် " S" ပုံသဏ္ဌာန်ပန်းအိုးထိုးနည်း
- ၂:၁၀ **ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး** ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၂:၂၀ ဒို့တိုင်းဌာနီ ဧရာဝတီ (ဧရာဝတီတိုင်းဒေသကြီး၏ ဆီထွက်သီးနှံပင်များ)
- ၂:၅၀ မြိုင်ရာဇာတွတ်ပီနှင့် အနော်ဖလီး
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
- ၄:၂၅ မြန်မာ့လက်ရာ (မြန်မာ့အနုပညာလက်မှုပစ္စည်း အရောင်းပြခန်း)
- ၄:၄၅ အဓိဋ္ဌာန်ပြုကာဆုတောင်းခြွေမည် ဦးရာဇ်တော်စေတီ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်ကော်မတီဝင်များ ဥပဒေဆိုင်ရာစာတမ်း ဖတ်ကြားဆွေးနွေးပွဲ ဒုတိယနေ့သို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့ တက်ရောက်ကြစဉ်နှင့် သဘာပတိ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မိုးရွာသွန်းမှုများ

၈-၆-၂၀၁၁

ကျောက်တော်မြို့	၄ ဒသမ ၀၂ လက်မ
စစ်တွေမြို့	၃ ဒသမ ၇၈ လက်မ
မိုးကုတ်မြို့	၃ ဒသမ ၁၉ လက်မ
မြောက်ဦးမြို့	၃ ဒသမ ၀၇ လက်မ
ရွှေကူမြို့	၃ ဒသမ ၀၃ လက်မ
ပလက်ဝမြို့	၃ ဒသမ ၀၃ လက်မ
ကျောက်ဖြူမြို့	၂ ဒသမ ၉၆ လက်မ
ဖန်းမော်မြို့	၂ ဒသမ ၉၂ လက်မ
ထီးလင်းမြို့	၂ ဒသမ ၂၃ လက်မ
ပေါင်မြို့	၂ ဒသမ ၁၂ လက်မ

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ ဥပဒေဆိုင်ရာစာတမ်း ဖတ်ကြားဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၈

ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော် ကော်မတီဝင်များ ဥပဒေဆိုင်ရာစာတမ်း ဖတ်ကြားဆွေးနွေးပွဲ ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရုံး ခန်းမဆောင်၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အဆိုပါ စာတမ်းဖတ်ကြားဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ကော်မတီဝင်များ၊ တက္ကသိုလ်များမှ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများနှင့် ကထိကများ တက်ရောက်ကြသည်။

ဖတ်ကြားတင်ပြ

နံနက်ပိုင်း စာတမ်းဖတ်ကြားဆွေးနွေးပွဲ သဘာပတိအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး ဒဂုံတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ မွန်မွန်တာက Maritime Lien စာတမ်းကိုလည်းကောင်း၊ မကွေးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာခင်ချစ်ချစ်က Analytical Study on Utmost Good Faith in Insurance Contract စာတမ်းကို လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ညနေပိုင်း စာတမ်းဖတ်ကြားဆွေးနွေးပွဲ သဘာပတိအဖြစ် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းက ဆောင်ရွက်ပြီး မုံရွာတက္ကသိုလ် ဥပဒေပညာဌာနမှ ကထိကဒေါက်တာ မိခင်စောအောင်က Legal Issues on the Continental Shelf စာတမ်းကို လည်းကောင်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာမမလေးက Development of Judicial System in Myanmar စာတမ်းကိုလည်းကောင်း၊ ရတနာပုံတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါ်သန်းဌေးက Study on Exclusion of Oral by Documentary Evidence စာတမ်းကိုလည်းကောင်း၊ မုံရွာတက္ကသိုလ် ဥပဒေပညာဌာနမှ ကထိကဒေါက်တာခင်နွယ်အေးက Burden of Proof in Legal Proceedings စာတမ်းကို လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက စာတမ်းများအပေါ် ပြန်လည် မေးမြန်းဆွေးနွေးကြပြီး ဥပဒေပြုဆိုင်ရာ စာတမ်းဖတ်ကြားဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ဖတ်ကြားတင်ပြ

ဒဂုံ တက္ကသိုလ် ဥပဒေပညာ ဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ မွန်မွန်တာ **Maritime Lien** စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုး ထုတ်ဝေမည်

နေပြည်တော် ဇွန် ၈

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တာဝန်ယူခြင်း အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ငွေကျပ် ၅၀၀ တန် နှစ်မျိုးကို ဇွန် ၁၆ ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ဆက်သွယ်ရေးစခန်း(စာတိုက်) များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဇွန် ၁၆ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တာမိုးညဲမြို့ လျှပ်စစ်မှူးရုံး၌ ၁၅၀ ကေဗွီအေ ဒီဇယ် ဓာတ်အားပေးစက် နှစ်လုံးဖြင့် တာမိုးညဲမြို့အား ဓာတ်အားပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တာမိုးညဲ၊ မူဆယ်၊ နမ့်ခမ်းနှင့် လားရှိုးမြို့တို့ရှိ လျှပ်စစ်အင်ဂျင်နီယာရုံးများနှင့် ဓာတ်အားခွဲရုံများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး စစ်ဆေး

နေပြည်တော် ဇွန် ၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့ လျှပ်စစ်မှူးရုံး၌ ၆၆ ကေဗွီ ဓာတ်အားလိုင်း သိန်းနီ-ကွတ်ခိုင်အပိုင်း ၁၀ ဒသမ ၅ မိုင်၊ ကွတ်ခိုင်-တာမိုးညဲအပိုင်း ၁၄ ဒသမ ၈၆ မိုင်၊ တာမိုးညဲ-မုံးစီးအပိုင်း ၂၂ ဒသမ ၂၄ မိုင်နှင့် မုံးစီး-လောက်ကိုင်အပိုင်း ၃၀ ဒသမ ၁၀ မိုင် တည်ဆောက်မည့်လမ်းကြောင်း အခြေအနေ၊ ဓာတ်အားလိုင်း တည်ဆောက်ရန် Survey တိုင်းတာပြီးစီးမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားပြီး ၁၅၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်နှစ်လုံးဖြင့် တာမိုးညဲမြို့အား ဓာတ်အားပေးနေမှုနှင့် ၆၆/၁၁ ကေဗွီ တာမိုးညဲ ဓာတ်အားခွဲရုံ တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၅ ရက် နံနက်ပိုင်းတွင် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ မူဆယ်ခွဲရုံသို့ ရောက်ရှိပြီး နမ့်ခမ်းခွဲရုံမှ ၆၆ ကေဗွီ ဓာတ်အားလိုင်း အဝင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ဖီဒါငါးခုဖြင့် ဓာတ်အားဖြန့်ဖြူးပေးမှုကို လည်းကောင်း၊ နမ့်ခမ်းခွဲရုံ Switch Yard အတွင်းနှင့် နမ့်ခမ်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ ကွတ်ခိုင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် သိန်းနီမြို့ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ Switch Yard ၌ ၆၆ကေဗွီ သိန်းနီ-ကွတ်ခိုင် ဓာတ်အားလိုင်းဆွဲရန်အတွက် Switch Bay တည်ဆောက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လားရှိုးမြို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ဓာတ်အားပြတ်တောက်မှုနှင့် ပျောက်ဆုံးမှုလျှော့နည်းရေး၊ ဗို့အားပြည့်မီရေး၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေး၊ ကိုယ်ကျင့်တရား ကောင်းမွန်၍ ပြည်သူအားကိုးသော ဝန်ထမ်းများဖြစ်ရေးတို့ကို မှာကြားပြီး ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ လားရှိုးခွဲရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဇွန် ၈

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် စစ်ဦးစီးအရာရှိချုပ် General Tanasak Patimapragorn နှင့်ဇနီး၊ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Lieutenant General Surapong Suwana- adth တို့လိုက်ပါလျက် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် နေပြည်တော် လေဆိပ်သို့ ရောက်ရှိကြရာ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးနှင့်ဇနီးတို့က နေပြည်တော်လေဆိပ်တွင် ကြိုဆိုကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား စစ်ရေးချုပ်နှင့်ဇနီးနှင့်အတူ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးနှင့်ဇနီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံ အမတ်ကြီး H.E. Mr. Apirath Vienravi ထိုင်းစစ်သံမှူး Col. Prachern Chaiyakit ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆို ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးနှင့်ဇနီးတို့က နေပြည်တော် လေဆိပ်၌ ကြိုဆိုကြစဉ်။ (သတင်းစဉ်)

အပြစ်မဲ့ပြည်သူ ခရီးသည်နှစ်ဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိစေခဲ့သည့် ရန်ကုန်-မန္တလေး အမှတ်(၃)အဆန် အမြန်လူစီးရထား ဗုံးပေါက်ကွဲမှုဖြစ်စဉ်၏ တရားခံ ဗုံးဖောက်ခွဲသူအား ဖမ်းဆီးရမိ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နေပြီဖြစ်

နေပြည်တော် ဇွန် ၈

ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော ရန်ကုန်-မန္တလေး အမှတ်(၃)အဆန် အမြန်လူစီး ရထားပေါ်၌ မေ ၁၈ ရက် ညနေပိုင်းက ဗုံးပေါက်ကွဲခဲ့သည့်အတွက် ခရီးသည် နှစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်သတင်းအား မေ ၁၉ ရက်ထုတ် သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ဖမ်းဆီးရမိ

ယင်းဗုံးပေါက်ကွဲမှု ဖြစ်စဉ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက အသေးစိတ်စုံစမ်း စစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ တာဝန်သိပြည်သူများ၏ပူးပေါင်းကူညီ သတင်းပေးမှုကြောင့် ဗုံးဖောက်ခွဲသူ တရားခံဖြစ်သည့် ကရင်ပြည်နယ် သံတောင်မြို့နယ် လိပ်သိုရာဒိုအုပ်စု ဒဝါလော်ချီးကျေးရွာနေ ကျော်ဒီ(ခ)မာရီနို (အဘ ဦးဖူးတဲ)အား ဖမ်းဆီးရမိခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

ကျော်ဒီ(ခ)မာရီနိုသည် လွန်ခဲ့သည့် သုံးနှစ်ခန့်က လယ်ခိုကျေးရွာရှိ KNU သောင်းကျန်းသူအဖွဲ့နှင့် ဆက်သွယ်၍ မိုင်းထောင်ခြင်း သင်တန်း (သင်တန်းကာလ နှစ်ပတ်) တက်ရောက်ခဲ့ပြီး KNU အဖွဲ့၌ ထမင်းချက်အဖြစ် (၂)နှစ်ခန့် တာဝန် ထမ်းဆောင်ခဲ့ကြောင်း၊ ၎င်းအား KNU တပ်မဟာ(၂) တပ်ရင်း (၅)မှ ဖောက်ခွဲရေးတာဝန်ခံ ဗိုလ်အဆင့်ရှိ ရှာလစ်ခွေနှင့် စောကထော်၊ ရှမွေလှ၊ စောထူးဆေးတို့က အဆက်အသွယ်ရယူပြီး ရထားပေါ်၌ ဗုံးခွဲရန် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗုံးဖောက်ခွဲပြီးနောက် ရှောင်တိမ်းနိုင်ရန်အတွက် တောင်ငူ-ပျဉ်းမနား-ကင်းသာလမ်းဆုံ-ပင်လောင်းလမ်းကြောင်းအား ကြိုတင်လေ့လာ မှတ်သားမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းနောက် ရှာလစ်ခွေနှင့် စောကထော်တို့က မိုင်းကို ကျော်ဒီ(ခ) မာရီနိုထံ ပေးအပ်ခဲ့ပြီး ဝိုင်ယာကြိုး နှစ်စပူး၍ ဓာတ်ခဲထည့်အသုံးပြုရသည့် မိုင်းတပ်ဆင်နည်းကိုပါ သင်ကြားပေးခဲ့ကြောင်း။

ကိုယ်တိုင်ဖောက်ခွဲ

အခင်းဖြစ်ပွားသည့်နေ့က ကျော်ဒီ(ခ)မာရီနိုသည် မိုင်းကို ကြွပ်ကြွပ်အိတ်နှင့်ထုပ်၍ အပေါ်မှ စက္ကူပတ်ထားပြီး ဓာတ်ခဲနှစ်လုံးကို သီးခြားယူဆောင်လာခဲ့ကြောင်း၊ ၎င်းအား ရှာလစ်ခွေ၊ စောကထော်၊ စောထူးဆေးတို့က တောင်ငူဘူတာအနီးသို့ လိုက်ပို့ပြီး ငွေကျပ်နှစ်သောင်းနှင့် ရန်ကုန်-မန္တလေးအဆန် ရထားလက်မှတ်ကို ပေးအပ်ခဲ့ကြောင်း၊ ၎င်းအပြင် နေပြည်တော်ဘူတာကြီး မရောက်မီ မိုင်းအားဓာတ်ခဲ မထည့်ရန်နှင့် နေပြည်တော်ဘူတာမှအထွက် ရထားအရှိန်လျှော့ ခုတ်မောင်းသည့်နေရာတွင် ဓာတ်ခဲထည့်၍ မိုင်းအသက်သွင်းပြီး ရထားပေါ်မှ ခုန်ချရန် မှာကြားခဲ့ကြောင်း၊ ကျော်ဒီ(ခ) မာရီနိုသည် ဝယ်ပေးလိုက်သည့် ရထားလက်မှတ်ဖြင့် တောင်ငူဘူတာသို့ ဆိုက်ရောက်လာသည့် အမှတ်(၃)အဆန် ရထားပေါ်သို့ တက်ရောက်ခဲ့ပြီး ရထားတွဲအမှတ်(၃)၏ အိမ်သာဘေးတွင် ထိုင်ခုံမဲ့လိုက်ပါခဲ့ကြောင်း၊ နေပြည်တော်ဘူတာကြီးအလွန် သံလမ်းများပြင်နေသည့်နေရာအရောက် ရထားအရှိန်လျှော့မောင်းနှင်သည့် အချိန်တွင် ဓာတ်ခဲကိုတပ်ဆင်ကာ ဖုံးအုပ်ထားသည့်မိုင်းအား ခရီးသည်အိတ်များ တင်ထားသည့် စင်ပေါ်တွင် ထားရှိခဲ့ပြီး ရထားပေါ်မှဆင်းသည့် သဘောဖြင့် ခုန်ချခဲ့ကြောင်း၊ ကျော်ဒီ(ခ) မာရီနို ရထားပေါ်မှ ခုန်ချခဲ့သောနေရာသည် မိုင်တိုင်အမှတ် (၂၄၈/၂၁) ဖြစ်ကြောင်း၊ ရထားပေါ်မှခုန်ချပြီး နှစ်မိနစ်ခန့်အကြာတွင် ရထားပေါ်မှ ပေါက်ကွဲသံကို ကြားခဲ့ရကြောင်း၊ ရထားဗုံးပေါက်ကွဲပြီးသည်နှင့် ကျော်ဒီ(ခ)မာရီနိုသည် လယ်ကွက်နှင့် ချောင်းကိုဖြတ်ကျော်၍ ပင်လောင်းဘက်သို့ ထွက်ပြေးခဲ့ကြောင်း၊ ပင်လောင်းလမ်းအတိုင်း ရောက်ရှိရာ ကျေးရွာများ၊ တဲအိမ်များ၌ ညအိပ်ပုန်းအောင်းတည်းခိုပြီး ရှောင်တိမ်းထွက်ပြေးရန် ကြိုးပမ်းစဉ် မေ ၂၉ ရက် ညပိုင်းက တာဝန်သိ ပြည်သူများ၏ ပူးပေါင်းကူညီသတင်းပေးမှုကြောင့် ၎င်းအား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း၊ ရထားဗုံးဖောက်ခွဲမှုကို KNU များ၏ တာဝန်ပေး စေခိုင်းချက်အရ ၎င်းကိုယ်တိုင် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ဝန်ခံထွက်ဆိုခဲ့ကြောင်း သိရှိရသည်။

ဆက်လက်ဆောင်ရွက်

အပြစ်မဲ့ ပြည်သူခရီးသည် နှစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိစေခဲ့သည့် ရန်ကုန်-မန္တလေး အမှတ်(၃)အဆန် အမြန် လူစီးရထား ဗုံးပေါက်ကွဲမှုဖြစ်စဉ်၏ တရားခံ ဗုံးဖောက်ခွဲသူ ကျော်ဒီ(ခ)မာရီနိုအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နေပြီဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းအားကစားသတင်း

တိုက်ကွမ်ဒိုအားကစားသမားများ စခန်းဝင်လေ့ကျင့်

သတင်းမှတ်စုနှင့်ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၈

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအားကစားသမားများ စခန်းဝင်လေ့ကျင့်လျက်ရှိရာ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်သို့ စာရေးသူရောက်ရှိခဲ့သည်။

လေ့ကျင့်ရေးရုံသို့ ဝင်လိုက်သည်နှင့် တိုက်ကွမ်ဒိုအားကစားသမားများလေ့ကျင့်နေမှုကို အားရစရာ မြင်တွေ့ရသည်။

လေ့ကျင့်နေ

ရှေးဦးစွာမြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ ဦးကျော်သန်းဦး (နည်းပြချုပ်)အား စခန်းသွင်းလေ့ကျင့်နေမှုနှင့် ပတ်သက်၍ တွေ့ဆုံ မေးမြန်းရာ "၂၀၁၀ အောက်တိုဘာ လဆန်းပိုင်းက စတင်ပြီး အားကစားသမား စုစုပေါင်း ၃၉ ဦးနဲ့ စခန်းသွင်း လေ့ကျင့်နေတာဖြစ်ပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲ၊ ရဲချုပ်ဒိုင်း၊ တပ်မတော် (ကြည်း-ရေ-လေ) တိုက်ကွမ်ဒို ပြိုင်ပွဲ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပြိုင်ပွဲစတာတွေမှာ ရွှေ၊ ငွေ၊ ကြေး၊ ရရှိတဲ့ ကစားသမားတွေထဲက သင့်တော်တဲ့ ကစားသမားတွေကို ရွေးချယ်ထားတာ ဖြစ်ပါတယ်" ဟုရှင်းပြသည်။

ရှင်းပြ

ဆက်လက်ပြီး လေ့ကျင့်ချိန်နှင့်ပတ်သက်၍မေးမြန်းရာ "ကျွန်တော်တို့ လေ့ကျင့်ချိန်သုံးချိန်ရှိပါတယ်။ နံနက် ၆ နာရီကနေ ၇ နာရီကို ကြံ့ခိုင်မှုကို အဓိကထားပြီး လေ့ကျင့်ပါတယ်။ နံနက် ၉ နာရီမှ ၁၁ နာရီခွဲအထိ နည်းစနစ်ပိုင်းဆိုင်ရာ သင်ကြားလေ့ကျင့် ပေးပါတယ်။ ညနေ ၃ နာရီမှ ၅ နာရီခွဲ အတွင်းမှာတော့ ပြိုင်ပွဲဝင် ပုံစံကို လေ့ကျင့်ပါတယ်"ဟု ရှင်းပြသည်။

ထို့နောက် နည်းပြချုပ်က "အသင်းအနေနဲ့ လူသစ် ကစားသမားတွေကို အဓိကထားပြီး စခန်းသွင်း လေ့ကျင့်နေပြီး လူသစ်ကစားသမား ၇၀ ရာခိုင်နှုန်းနဲ့ လူဟောင်းကစားသမား ၃၀ ရာခိုင်နှုန်းပါဝင်ပါတယ်" ဟုရှင်း ပြသည်။

"ကျွန်တော်တို့အရှေ့တောင်အာရှအားကစားပွဲမှာ အသင်းအတွက် ရွှေတံဆိပ်တွေရရှိဖို့ လေ့ကျင့်ပါတယ်"ဟု ရှင်းပြသည်။

"လေ့ကျင့်ချိန် သုံးကြိမ် ရှိပါတယ်"
ဦးကျော်သန်းဦး၊ နည်းပြချုပ်

ယုံကြည်

အားကစားရုံမှအပြန် စာရေးသူ၏ စိတ်တွင် တွေးမိသည်ကား (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ အားကစားသမားများကလည်း နိုင်ငံတော်အတွက် ရွှေတံဆိပ်များ ရယူပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။ ***(မြန်မာ့အလင်း)***

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လေ့ကျင့်နေကြစဉ်။

ဘီလီယက်နှင့်စနူကာပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၈

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၌ မြန်မာ့လက်ရွေးစင် ဘီလီယက်နှင့် စနူကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် အဓိကရည်မှန်းချက်ဖြင့် မြန်မာနိုင်ငံဘီလီယက်နှင့်စနူကာအဖွဲ့ချုပ်နှင့် Logic Myanmar Co., Ltd. တို့က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိကကူညီပံ့ပိုးသော ABC Billiards & Snooker Challenge Cup 2011 ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် နာနတ်တောလမ်းရှိ APEX Billiards & Snooker Center ၌ ကျင်းပရာ ဗိုလ်လုပွဲများ အပြီးတွင် မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂) ဦးတာယာမြင့်ဆွေက စနူကာအငယ်တန်းပြိုင်ပွဲတွင် ပထမဆုရ မျိုးမင်းသန့်၊ ဒုတိယဆုရ မောင်မောင်နှင့် တတိယဆုရ သက်နိုင်ထွန်းတို့အားလည်းကောင်း၊ Myanmar Brewery Ltd. မှ ဦးဝင်းဇော်ထွန်းက စနူကာအကြီးတန်းပြိုင်ပွဲတွင် ပထမဆုရ ထက်ထက်၊ ဒုတိယဆုရ ဇော်အောင်နှင့်တတိယဆုရ ရဲဇော်ထွန်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံဘီလီယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ဘီလီယက်အကြီးတန်းပြိုင်ပွဲတွင် ပထမဆုရ ပေါက်စ၊ ဒုတိယဆုရ ကျော်ဦးနှင့် တတိယဆုရ အောင်ငွေးတို့အားလည်းကောင်း ဆုတံဆိပ်များနှင့်ဆုကြေးများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ Logic Myanmar Co., Ltd.က မြန်မာနိုင်ငံဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်သို့ အလှူငွေကျပ်ဆယ်သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဘီလီယက်နှင့် စနူကာအဖွဲ့ချုပ် အမှုဆောင် ဦးမောင်မောင်ကြီးက လက်ခံခဲ့ကြောင်း သိရှိရသည်။ *(သတင်းစဉ်)*

ဘီလီယက်နှင့် စနူကာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအပြီးတွင် ဆုရရှိကြသူများအား တွေ့ရစဉ်။ (ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်)

အီရတ်-အာဖဂန်သတင်းများ

တီကရစ်မြို့၌ အသေခံကားဗုံးခွဲတိုက်ခိုက်၊ သုံးဦးသေဆုံး

တီကရစ် ဇွန် ၈

အီရတ်နိုင်ငံ ဆာလာဟူဒင်ပြည်နယ်မြို့တော် တီကရစ်မြို့လယ်၌ ဇွန် ၇ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားသဖြင့် အီရတ်စစ်ဘက်အရာရှိတစ်ဦးအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(ယာပုံ)**

ဗုံးခွဲ

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ ခြံဝင်းဝရှိ စစ်ဆေးရေးဂိတ်အတွင်းသို့ အခင်းဖြစ်သည့်နံနက်ပိုင်းက အသေခံကားဗုံးခွဲသူက ကားဖြင့်အမြန်မောင်းနှင်ဝင်ရောက်ပြီး ဗုံးခွဲလိုက်ခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ကီလိုမီတာ ၁၇၀ ခန့်အကွာ တီကရစ်မြို့၌ စခန်းချသည့် အီရတ်တပ်ရင်း(၁)မှ တပ်မှူး ဗိုလ်မှူးကြီး ချူရီအယ်မက်ရှ် ဟာဒါနီမှာ အသေခံကားဗုံးခွဲ တိုက်ခိုက်ခံရပြီး သေဆုံးသွားသည်။ ထို့အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးလည်း သေဆုံးသွားပြီး ၁၄ဦး ဒဏ်ရာရရှိသွားသည်။ **(အင်တာနက်)**

အာဖဂန်အရှေ့ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ ၁၀ ဦး ဒဏ်ရာရ

ခို့စ် ဇွန် ၈

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ခို့စ်ပြည်နယ် ဆာဘာရီခရိုင်တွင် ဇွန် ၇ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒဏ်ရာရ

ဇွန် ၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်က ဆာဘာရီခရိုင်ဈေးအတွင်း အဆိုပါ လမ်းဘေးဗုံးခွဲမှုကြောင့် အရပ်သားခုနစ်ဦးအပါအဝင် ၁၀ ဦး ဒဏ်ရာရရှိသွားကြောင်းဆာဘာရီခရိုင်အုပ်ချုပ်ရေးမှူးက ဆင်ဟွာသို့ ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၈

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြားနေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၈ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ **၇၀၆၀၈၉** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၁၂၇၉၀၈၆** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၀၈၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၉၀၈၆ ဦး

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇွန် ၈

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၈ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူ ဦးရေမှာ **၃၃၉၄၉** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၄၁၄၇၈** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၉၄၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၄၇၈ ဦး

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

အရီဇိုးနားပြည်နယ်၌ စက်ရုံပေါက်ကွဲမှုဖြစ်ပွား

လော့စ်အိန်ဂျလိစ် ဇွန် ၈

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင်ရှိသော အင်တယ်လ်အမှတ်တံဆိပ် ကွန်ပျူတာချစ်ပ်ပြား ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံတစ်ရုံတွင် ဇွန် ၇ ရက် က ပေါက်ကွဲမှုဖြစ်ပွားရာ အလုပ်သမား ခုနစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ဒေါ်လာသန်း ၄၀ ခန့် ဆုံးရှုံးခဲ့ကြောင်း အမေရိကန်အရာရှိများက ဇွန် ၈ ရက်၌ ပြောကြားသည်။

စုံစမ်းစစ်ဆေး

ဖိုးနစ်မြို့ အရှေ့တောင်ဘက်ရှိချန်ဒလာမြို့တွင်ရှိသော ၎င်းစက်ရုံရှိစတိုခန်းမှ ဝါယာရှော့ဖြစ်ပြီး ပေါက်ကွဲရာမှ အဆိုပါ ဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ပေးထားကြောင်းသိရသည်။ **(အင်တာနက်)**

အိန္ဒိယသမုဒ္ဒရာကို လှော်ခတ်ဖြတ်ကျော်နေသည့် အိုင်ယာလန်အမျိုးသားအား ကယ်ဆယ်ခဲ့ရ

ဆစ်ဒနီ ဇွန် ၈

အိန္ဒိယသမုဒ္ဒရာကို လှေတစ်စင်းဖြင့် ဖြတ်သန်းလှော်ခတ်နေသော အိုင်ယာလန်အမျိုးသားတစ်ဦး**(အပေါ်ပုံ)**သည် ရေလှိုင်းကြီးတစ်ခုက ဦးခေါင်းကို ရိုက်ခတ်လိုက်သဖြင့် ရေအောက်သို့ နစ်မြုပ်သွားခဲ့ရာ ဇွန် ၇ ရက်တွင် သင်္ဘောတစ်စင်းက ကယ်ဆယ်ခဲ့ရကြောင်း ဩစတြေးလျရေကြောင်း အရာရှိတစ်ဦးက ဇွန် ၈ ရက်၌ ပြောကြားသည်။

အသက် ၃၀ အရွယ် ကိတ်ဝီလန်အမည်ရှိ အမျိုးသားမှာ အိန္ဒိယသမုဒ္ဒရာကို ဖြတ်သန်းလှော်ခတ်နိုင်သည့် အသက်အငယ်ဆုံးနှင့် ပထမဆုံး အိုင်ယာလန်နိုင်ငံသားတစ်ဦး ဖြစ်လာစေရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။

ကိတ်ဝီလန်ကို ဩစတြေးလျကမ်းလွန်ရှိ ဂီရာလ်တန်ကျွန်း အနောက်မြောက်ဘက် ၂၀၆ ကီလိုမီတာခန့်အကွာ ရေပြင်၌ ဂျပန်သင်္ဘောတစ်စင်းက ကယ်ဆယ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ရေလှိုင်းရိုက်ခတ်ခံရမှုကြောင့် ဦးခေါင်းတွင် ကြီးမားသော ဒဏ်ရာရရှိခဲ့ကြောင်း ဩစတြေးလျရေကြောင်းလုံခြုံရေးအာဏာပိုင်အဖွဲ့၏ ပြောရေးဆိုခွင့်ရ အမျိုးသမီးတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ပေါ့ပ်အဆိုတော်လေဒီဂါဂါ ဖက်ရှင်ဆုဆွတ်ခူးရရှိ

နယူးယောက် ဇွန် ၈

*ကမ္ဘာကျော် ပေါ့ပ်အဆိုတော် လေဒီဂါဂါ **(ဝဲပုံ)**သည် ယခုနှစ်အတွက် အမေရိကန် ဖက်ရှင်ဒီဇိုင်နာများကောင်စီ(စီအက်ဖ်ဒီအေ) က ချီးမြှင့်သည့် ဖက်ရှင်အိုင်ကွန်ဆု (Fashion icon award) ဆွတ်ခူးရရှိသွားသည်။*

အဆိုတော်လေဒီဂါဂါသည် ဂီတဖျော်ဖြေပွဲများတွင် ရံဖန်ရံခါ ဝတ်ဆင်ရသော အထူးဝတ်စုံများကြောင့် လူသိများကျော်ကြားစေခဲ့ကြောင်း၊ ဖက်ရှင်တစ်ခေတ်ကိုလည်း ဆန်းသစ်စေခဲ့ကြောင်း စီအက်ဖ်ဒီအေက ပြောကြားသည်။

အထူးဖက်ရှင်

တီထွင်ဆန်းသစ်ဝတ်ဆင်ခဲ့သည့် အထူးဖက်ရှင် ဝတ်စုံများကြောင့် မိမိအား အသိအမှတ်ပြုသည်ကို ဝမ်းသာမိကြောင်း ဂါဂါက နယူးယောက်မြို့ လင်ကွန်းစင်တာ၌ ပြုလုပ်သော အဆိုပါဖက်ရှင်ဆုချီးမြှင့်ပွဲတွင် ပရိသတ်အား ပြောကြားသည်။

အဆိုပါ ဆုချီးမြှင့်ပေးအပ်ပွဲတွင် ခေတ်ပုံဆရာ အာသာအယ်လ်ဂေါ့တ်နှင့် ဒီဇိုင်နာ မက်ဂျက်ကော့စ်တို့လည်း လေဒီဂါဂါအတွက် ခေတ်ပုံများ ရိုက်ကူးဖော်ပြနိုင်မှုနှင့် ဆန်းသစ်ဖက်ရှင်များ ချုပ်လုပ်ပေးနိုင်မှုတို့ကြောင့် ဆုများအသီးသီး ဆွတ်ခူးရရှိခဲ့သည်။ ***(အင်တာနက်)***

ကောင်းမြတ်သူ - စုစည်းသည်

မိုက်ကယ်ဂျက်ဆင်ဝတ်ဆင်ခဲ့သည့်ဂျာကင် ဒေါ်လာနှစ်သိန်းဖြင့် လေလံတင်မည်

ကယ်လီဖိုးနီးယား ဇွန် ၈

ကမ္ဘာကျော် အဆိုတော် မိုက်ကယ်ဂျက်ဆင် ဝတ်ဆင်ခဲ့သည့် Thriller အမည်ရှိ ဂျာကင်အင်္ကျီ** (ယာပုံ) **ကို အမေရိကန်ဒေါ်လာ နှစ်သိန်းဖြင့် လေလံတင်ရောင်းချရန် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဘီဗာလီဟေးလ်ရှိ ဂျူလီယမ်လေလံတင်ရောင်းချရေးရုံးက ကြေညာသည်။

ရောင်းချမည်

အဆိုပါ ဂျာကင်အင်္ကျီသည် မိုက်ကယ်ဂျက်ဆင် Thriller တေးအယ်လ်ဘမ်တွင် ဝတ်ဆင်ခဲ့သောအင်္ကျီဖြစ်ပြီး အနီနှင့်အမည်းရောင် စပ်ချုပ်ထားသည့် သားရေထည်အင်္ကျီဖြစ်ကြောင်း၊ ယင်းဂျာကင်အင်္ကျီသည် ပေါ့ပ်ဂီတကို လူသိများ ကျော်ကြားစေခဲ့ကြောင်း၊ လာမည့် ဇွန် ၂၅ရက်နှင့် ၂၆ရက်တို့တွင် အထက်ပါ လေလံရုံးကရောင်းချမည်ဖြစ်ကြောင်း လေလံရုံး အုပ်ချုပ်သူ ဒါရင်ဂျူလီယမ်က ပြောကြားသည်။

မိုက်ကယ်ဂျက်ဆင်သည် အဆိုပါအင်္ကျီကို ၎င်း၏ကာလရှည်ကြာဒီဇိုင်နာများဖြစ်ကြသည့် ဒင်းနစ်တွမ်ပကင်းနှင့် မိုက်ကယ်ဘုရှ်တို့အား လက်ဆောင်ပေးခဲ့သည့်အင်္ကျီဖြစ်သည်။(အင်တာနက်)

ယူရိုခြေစစ်ပွဲ ဂျာမနီတို့နိုင်ပွဲရ

မောင်မောင်မြင့်ဆွေ ရေးသားသည်

ဘာလင် ဇွန် ၈

ယူရို ၂၀၁၂ ခြေစစ်ပွဲများကို ဇွန် ၇ ရက်က ဆက်လက်ကစားရာ ဂျာမနီနှင့် အဇာဘိုင်ဂျန်တို့ပွဲတွင် ဂျာမနီက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(အောက်ပုံ)**

ဂျာမနီအတွက် ဂိုးများကို အိုဇေးလ်နှင့် ဂိုမက်ဇ်တို့က ပထမပိုင်းပွဲချိန်အတွင်း သွင်းယူပေးခဲ့ကြခြင်းဖြစ်သည်။ ဂျာမနီအတွက် တတိယဂိုးကို ပွဲချိန်မိနစ် ၉၀ အပြီး လေလွင့်ချိန်အတွင်း အင်ဒရီချာလီက သွင်းယူပေးခဲ့သဖြင့် သုံးဂိုးရရှိခဲ့သည်။ အဇာဘိုင်ဂျန်အတွက် ချေပဂိုးတစ်ဂိုးကို ဟူဆေးနော့ဗ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အုပ်စု(က)တွင် ဂျာမနီတို့ ခုနစ်ပွဲကစားခဲ့ပြီး ပွဲအားလုံးအနိုင်ရရှိသဖြင့် ခြေစစ်ပွဲအောင်ရန် သေချာနေပြီဖြစ်သည်။ **(အင်တာနက်)**

အခြားပွဲရလဒ်များ

ဘီလာရုစ်	၂-၀	လူဇင်းဘတ်စ်
ဆွီဒင်	၅-၀	ဖင်လန်
ဆန်မာရီနို	၀-၃	ဟန်ဂေရီ
ဖာရိုးကျွန်းစု	၂-၀	အက်စ်တိုးနီးယား
ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား	၂-၀	အယ်လ်ဘေးနီးယား

(အင်တာနက်)

တိရစ္ဆာန်ရောဂါများအကြောင်း ဇန်းမော်၌ ပညာပေးဟောပြော

ဇန်းမော် ဇွန် ၈

ဇန်းမော်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ကွဲချိုကမ္ဘားနီကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် မေ၁၅ရက် ညနေ ၃နာရီက တိရစ္ဆာန် ရောဂါများအကြောင်းနှင့် တိရစ္ဆာန်မှလူသို့ကူးစက်တတ်သောရောဂါများအကြောင်း ပညာပေးဟောပြောပွဲ ကျင်းပရာ အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကချင်ပြည်နယ်ဦးစီးမှူး ဒေါက်တာခင်အောင်က ဝက်နားရွက်ပြာရောဂါအကြောင်းနှင့် ကူးစက်ရောဂါထိန်းချုပ်မှုလုပ်ငန်းများ အကြောင်းကိုလည်းကောင်း၊ ဇန်းမော်ခရိုင် ဦးစီးမှူး ဒေါက်တာ အောင်ကြည်ဦးက ကြွေ၊နွားရောဂါများအကြောင်း၊ ခွေးရူးရောဂါနှင့်ကြက်ငှက်တုပ်ကွေးရောဂါများအကြောင်းကို လည်းကောင်း၊ ဇန်းမော်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဦးကြည်ဝင်းက ပတ်ဝန်းကျင်သန့်ရှင်းရေး၊တစ်ကိုယ်ရေသန့်ရှင်းရေး အသိပညာပေးဟောပြောခြင်း၊ ကျေးရွာကျန်းမာရေးဦးစီးမှူးဦးအောင်ကျော်စိုးက တိရစ္ဆာန်မှ လူသို့ကူးစက်တတ်သော ဒေါင့်သန်းရောဂါအကြောင်းသိကောင်းစရာများရှင်းလင်းဟောပြောပြီး ကျေးရွာအတွင်းကွင်းဆင်း၍ တိရစ္ဆာန်များအား ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် မွေး/ကု)**

ပခုက္ကူမြို့နယ်၌ ပညာသင်စရိတ်ထောက်ပံ့

ပခုက္ကူ ဇွန် ၈

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ပခုက္ကူမြို့နယ် ပခုက္ကူရဲစခန်း ရဲရိပ်သာခန်းမ၌ မေ ၃၀ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဌေးအောင်က အမှာစကားပြောကြားပြီး မူလတန်းကျောင်းသား ကျောင်းသူ ၅၂ ဦးအား ရဲအုပ်လှိုင်အေးကလည်းကောင်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၃၈ ဦးအား ရဲအုပ်မြင့်စိုးကလည်းကောင်း၊ အထက်တန်းကျောင်းသား ကျောင်းသူ ၂၇ ဦးအား ရဲအုပ်ကျော်မြင့်ရွှေကလည်းကောင်း၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၂၀ အား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဌေးအောင်ကလည်းကောင်း ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်ရာ ပညာသင်စရိတ် ထောက်ပံ့ငွေ စုစုပေါင်းမှာ ငွေကျပ် ၇၃၈၀၀၀ ဖြစ်ကြောင်း သိရှိရသည်။**(အပေါ်ပုံ)(ခရိုင်ပြန်/ဆက်)**

ဆိုလာစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလက်တွေ့သရုပ်ပြ ရှင်းလင်းပွဲကျင်းပ

မအူပင် ဇွန် ၈

မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏စီစဉ်မှုဖြင့် ဆိုလာစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသရုပ်ပြရှင်းလင်းပွဲ အခမ်းအနားကို ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီက မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စု တပွတ်တနောင်ကြီးကျေးရွာ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လင်းထွန်းက ကျေးရွာမီးလင်းရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် အရစ်ကျငွေပေးချေမှု အစီအစဉ်ဖြင့် ရောင်းချပေးရန် စီစဉ်ဆောင်ရွက်ထားသည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

မေးမြန်းဆွေးနွေး

ဆက်လက်၍ OK Myanmar Co., Ltd. မှဦးဇော်ဝိတ်က SANYO ဆိုလာစွမ်းအင်၏ အရည်အသွေးနှင့်စပ်လျဉ်း၍ လက်တွေ့သရုပ်ပြဆွေးနွေးပြောကြားရာ တက်ရောက်လာကြသူများက သိလိုသည်များကိုပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)** **(ဝ၆၈)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၈

ကျောက်တန်းမြို့နယ်တွင် (၄၄)ခုမြောက် စာကြည့်တိုက်ဖွင့်

ကျောက်တန်းမြို့နယ်၏ (၄၄)ခုမြောက် စာကြည့်တိုက်ဖြစ်သော ညောင်ဝိုင်းကျေးရွာအုပ်စု ရှမ်းစုကျေးရွာအလင်းတန်း(၂) စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ရွှေဦးစွာ စာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဌေ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

လက်ခံယူ

ထို့နောက်မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာအုပ်စာစောင် ၃၃၅အုပ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးက စာအုပ်စာစောင် ၂၅၅ အုပ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၂၃၅ အုပ်၊ အလှူရှင် ဦးမြဝင်းက စာအုပ်တင်စင်တစ်ခု၊ မြန်မာ့စွယ်စုံကျမ်းစာအုပ်များ၊ သုတရသစာအုပ် ၃၂၀ နှင့် အလှူငွေများပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲ သန်လျင်၌ကျင်းပ

*သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာ ပညာဝင်းရောင်ခြည် ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၄ ရက် နံနက် ၈ နာရီက ကျင်းပရာ ရွှေဦးစွာ စာကြည့်တိုက်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးမော်နှင့် ရပ်မိရပ်ဖ ဦးသန်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)***

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက အလှူငွေကျပ်တစ်သိန်းနှင့် သုတရသစာအုပ်မျိုးစုံ ၁၀၀၊ မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းက သုတ ရသ စာအုပ်မျိုးစုံ ၂၀၀၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးသီတာထွန်းက သုတ ရသ စာအုပ်မျိုးစုံ ၁၀၀ နှင့် အလှူရှင် ဦးဟန်ဝင်းက စာကြည့်တိုက်အတွက် ပရိဘောဂများဝယ်ယူရန် လှူဒါန်းငွေကျပ် ၁၆ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူသည်။ အဆိုပါ စာကြည့်တိုက်မှာ အလျား ၂၄ ပေ၊ အနံ ၁၆ ပေရှိ အုတ်ညှပ်၊ သွပ်မိုး အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပုဗ္ဗန်တောင်မြို့နယ်ရှိ စေတနာဥယျာဉ်စာကြည့်တိုက်အတွက် မေ၂၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီလွင်က စာအုပ်စာစောင်များလှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းချို လက်ခံယူစဉ်။ (၀၅၁)

မြဝတီရုပ်မြင်သံကြား

၉-၆-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၃ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၃၀ ၅။ ဓမ္မပူဇာတေး
၇:၃၅ ၆။ မျိုးချစ်တပ်မတော်
၇:၄၀ ၇။ မြန်မာ့ရှုခင်း
၇:၄၅ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၅ ၃။ နိုင်ငံတော်သီချင်း
၄:၁၀ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ ဇာတ်လမ်းတို(လက်သန့်)
၄:၂၅ ၇။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄:၃၅ ၈။ ဗွီစီဒီကျော်ကြားတေး
၄:၄၅ ၉။ မွေးမြူသုတ
၄:၅၀ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
၅:၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၇၂)
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၅။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၆။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၂၉)
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း-၃၀)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဒို့တာဝန်အရေး(၃)ပါး
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ အနုပညာရှင်၏ တစ်နေ့တာ
Champion League of Boxing CARL FORCH Vs GLEN JOHNSON
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၂၁)
၂၆။ ဂီတရင်ခုန်သံ

ကြီးကြပ်ဆောင်ရွက်

မော်ဘီမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရန်ကုန်-ပြည်ကားလမ်းဘေးဝဲယာ ရေနုတ်မြောင်းများ တူးဖော်ခြင်းကို ဇွန် ၃ ရက်က အမှုဆောင်အရာရှိ ဦးရဲမင်းကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆို

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် **General Songkitti Jaggabatara** တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၈

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ဇေယျာသီရိဗိမာန်သို့ မော်တော်ယာဉ်ဖြင့်ရောက်ရှိလာရာ ဇေယျာသီရိဗိမာန်ရှေ့၌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆